# ပေါ်ဦးသစ်၊ နေမင်း

## အသည်းကွဲတဲ့နှစ်မှာခေတ်စားတဲ့သီချင်း



(၁)

အသည်းကွဲတဲ့နှစ်မှာ ခေတ်စားတဲ့သီချင်း

နွေလယ်နေ့မှာ အိပ်ရာက လန့်နိုးသူလို

ဆောင်းလယ်ညမှာ အိပ်မက် မက်ရသူလို

မိုးလင်းမိုးမှာ တစ်ကိုယ်တည်း အိပ်ရာထရသူလို

အို. . .ငါ့ကို

အနမ်းတွေ စွန့်ခွာပြေးပြီ . . .။

မျှော်လင့်ခြင်းဥယျာဉ်မှာ

အကျည်းတန်ပန်းတွေသာဖူးပွင့်ရာ

စိတ်ကူးတွေကဆို့နင့်ကြေကွဲစွာ

ဆူးခက်သရဖူကို

ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း

နှလုံးသွေးတို့ ငါ့ပါးပြင်ပေါ်စီးကျပြီ။

စွန့်ခွာထွက်ပြေးသူရဲ့ပျော်ရွှင်မှုရယ်

ပေးကွာကျန်ရစ်သူရဲ့နာကျင်မှုရယ်

ငါ့အဖြစ်ကလည်း

လောကလမ်းမဘေးမှာပေါက်တဲ့ သစ်ပင်တစ်ပင်ပါပဲလေ . . .။

ကြင်နာခြင်းကိုလည်း ကဗျာ မဖွဲ့တော့ပါဘူး

နာကျင်ခြင်းကိုလည်း စာ မရေးတော့ပါဘူး

ငါစွဲလမ်းရာ အိပ်ရာကလေးမှာပဲ

ငါချစ်တဲ့ တေးတစ်ပုဒ်ကို

တစ်သက်လုံး ဆိုညည်းနေပါ့မယ်

မင်းနဲ့ တို့ရဲ့ ချစ်ခြင်းတို့လမ်းခွဲရာ. . .

အသည်းကွဲတဲ့နှစ်မှာ ခေတ်စားတဲ့သီချင်းပေါ့။ ။

(Instyle၊မဂ္ဂဇင်းဖေဖော်ဝါရီ ၂၀၁၂)

(၂)

နူးညံ့တဲ့ ကျောက်တုံးကလေး

တိမ်တွေပျံ့သန်းသွားကြသလို

ငါက ပျံသန်းလွတ်မြောက်ချင်ပေမဲ့

ရေတွေဖြတ်သန်းစီးဆင်းသွားသလို

ငါက ဖြတ်သန်း စီးဆင်းသွားချင်ပေမဲ့

နွေဦးရဲ့တောမီးမှာ လောင်ကျွမ်းသွားရတဲ့ သစ်ရွက်ဝါကလေးလို

ငါက

မိုးတိမ်လည်း မဟုတ်

မြစ်ရေလည်း မဟုတ်

သစ်ရွက်ဝါကလေးလည်း မဟုတ်ခဲ့ရပါဘူးလေ။

အချစ်ရေ. . .

ပြုံးပျော်ကြည်နူးစရာတွေနဲ့ ကြုံဆုံရတဲ့အခါ

ချစ်သူတွေကို သတိရပြီး၊

ကြေကွဲဖမ်းနည်းစရာ

အဆုံးအရှုံးတွေနဲ့ ရင်ဆိုင်ရတဲ့အခါတော့

တို့ကို သတိရပါကွာ။

တို့က

အမုန်းတရားရဲ့ ငိုကြွေးသံကို နှစ်သိမ့်ဖို့

အထီးကျန်ခြင်းရဲ့ မီးလျှံကိုငြိမ်းသတ်ဖို့

သစ္စာမဲ့သူတွေရဲ့ နှလုံးသားကို တရားပြဖို့

စကြဝဠာရဲ့ ထောင့်ကြားတစ်နေရာကလေးမှာ

ထာဝရရှင်သန်နေမယ့်

နူးညံ့တဲ့ ကျောက်တုံးကလေးတစ်တုံးပါ။ ။

(၁၄၊စက်တင်ဘာ၊ ၂၀၁၂၊ မန္တလေး)

(၃)

သမိုင်းမှတ်တမ်းအရ

သမိုင်းမှတ်တမ်းအရ

လမ်းဟောင်းတွေရှိခဲ့တယ်ဆိုတာ...။

သမိုင်းမှတ်တမ်းအရ

တွင်းဟောင်းတွေရှိခဲ့တယ်ဆိုတာ...။

သမိုင်းမှတ်တမ်းအရ

ငလျင်၊ မုန်တိုင်း၊ ရေလှိုင်း၊ မီးလျှံ။

သမိုင်းမှတ်တမ်းအရ

မီးလောင်ဖို့ မီးရှို့တတ်သူရယ်

မီးငြိမ်းဖို့ မီးသတ်မဲ့သူရယ်။

သမိုင်းမှတ်တမ်းအရ

ဆူပူဖို့လမ်းပေါ်ထွက်လာသူရယ်

ပစ်ခတ်ဖို့ ပြောင်းရင်းကို ကျည်ထိုးသူရယ်။

သမိုင်းမှတ်တမ်းအရ

ဖိရင်း၊ ကြွရင်း၊ ကြွရင်း၊ ဖိရင်း

တိုင်းပြည်ဟာ နွံတွင်း၊ ဆင်းရဲတွင်း။

သမိုင်းမှတ်တမ်းအရ

ဉာဏ်ကြီးရှင်တွေက အသက်ပြင်းပြီး

ဉာဏ်နည်းသူတွေက

ကိုယ့်သေတွင်းကိုယ်တူးခဲ့ကြ။ ။

(၁၁၊ဒီဇင်ဘာ၊ ၂၀၁၂(၂၂း၀၀)နေပြည်တော်)

(၄)

တစ်ယောက်တည်း

ခေါင်းအုံးဖုံးမှာပါတဲ့

လိပ်ပြာကလေးကလည်း

တစ်ကောင်းတည်း။

ဖက်လုံးပေါ်မှာရေးထားတဲ့

စာသားကလည်း

တစ်ယောက်တည်း။ နေရောင်အောက်မှာ

ငှက် နှစ်ကောင်၊ သုံးကောင်

သစ်ပင် နှစ်ပင်၊ သုံးပင်

လူကျတော့ တစ်ယောက်တည်း။

ပန်းသီး လေးငါးဆယ်လုံး

ဘီယာ လေးငါး ဆယ်ဘူး

ငါကတော့ တစ်ယောက်တည်း။

ဒီဗီဒီ လေးငါးဆယ်ချပ်

မဂ္ဂဇင်း လေးငါးဆယ်အုပ်

သီချင်း လေးငါးဆယ်ပုဒ်

ငါ့မှာတော့ တစ်ယောက်တည်း။

သူငယ်ချင်း လေးငါးဆယ်ယောက်

တယ်လီဖုန်း လေးငါးဆယ်လုံး

တစ်နေကုန်လို့ ဖုန်းတစ်ခါခေါ်မယ့်သူ မရှိ

ငါ့မှာတော့ တေမိ။ ။